ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေရေးရာဝန်ကြီးဌာန
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

စာအမှတ်၊ ၄ ( ၄ ) / ၁ - ၂ ( ၂၀ )
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

အကြောင်းအရာ။ **ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (DLA) သင်တန်းအတွက် ဘာသာရပ်စာအုပ် (၁၀) အုပ်တို့ကို ပုံနှိပ်ထုတ်ဝေရန်အတွက် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန်ကိစ္စ**

၁။ ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (DLA) သင်တန်းအတွက် ထုတ်ဝေမည့် **ဥပဒေပညာမိတ်ဆက်စာအုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်၊ ဥပဒေမူကြမ်းရေးဆွဲခြင်းစာအုပ်၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာ ကိစ္စရပ်များစာအုပ်၊ စီးပွားရေးစာချုပ်စာတမ်းများစိစစ်ခြင်းစာအုပ်၊ အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်းစာအုပ်၊ ရာဇဝတ်ဆိုင်ရာဥပဒေ (ရာဇသတ်ကြီးနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ) စာအုပ်၊ ရာဇဝတ်ဆိုင်ရာဥပဒေ (အထွေထွေဥပဒေ အတွဲ-၁) စာအုပ်၊ ရာဇဝတ်ဆိုင်ရာဥပဒေ (အထွေထွေဥပဒေ အတွဲ-၂) စာအုပ်နှင့် တရားမဆိုင်ရာဥပဒေစာအုပ်**တို့ကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းအဆိုပြုလွှာများကို ၁၇ - ၇ - ၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာ စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံနှိပ်မည့်စာအုပ်အရွယ်အစား — ၇ လက်မ x ၉.၅ လက်မ

(ခ) စာမျက်နှာ

| | | |
|---|---|---|
| (၁) | ဥပဒေပညာမိတ်ဆက်စာအုပ် | (၆၉) မျက်နှာ |
| (၂) | ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ် | (၄၀) မျက်နှာ |
| (၃) | ဥပဒေမူကြမ်းရေးဆွဲခြင်းစာအုပ် | (၁၀၁) မျက်နှာ |
| (၄) | အပြည်ပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာကိစ္စရပ်များစာအုပ် | (၉၅) မျက်နှာ |
| (၅) | စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်းစာအုပ် | (၂၀၈) မျက်နှာ |

(၆) အထွေထွေဥပဒေ
အကြံဉာဏ်ပေးခြင်းစာအုပ် (၁၅၂) မျက်နှာ

(၇) ရာဇဝတ်ဆိုင်ရာဥပဒေ
(ရာဇသတ်ကြီးနှင့်
ရာဇဝတ်ကျင့်ထုံးဥပဒေ) စာအုပ် (၂၃၂) မျက်နှာ

(၈) ရာဇဝတ်ဆိုင်ရာဥပဒေ
(အထွေထွေဥပဒေ အတွဲ-၁) စာအုပ် (၁၆၈) မျက်နှာ

(၉) ရာဇဝတ်ဆိုင်ရာဥပဒေ
(အထွေထွေဥပဒေ အတွဲ-၂) စာအုပ် (၁၉၈) မျက်နှာ

(၁၀) တရားမဆိုင်ရာဥပဒေစာအုပ် (၂၄၀) မျက်နှာ

(ဂ) အတွင်းသားစက္ကူ — ဝူဖရီ အင်ဒိုနီးရှား (၇၀) ဂရမ် (I-K အမှတ်တံဆိပ်)၊

(ဃ) အဖုံးစက္ကူ — Art card (၁၅၀ ဂရမ်)၊ (ပလတ်စတစ်လောင်း၊ တစ်ဖက်အပြောင်)

(င) စာအုပ်အရေအတွက် — အုပ်ရေ ( ၃၀၀ ) စီ

(စ) စာအုပ်ချုပ်ပုံ — စက်ကော်ကပ်ချုပ်၊ Art card၊ ပတ်ဖုံး

(ဆ) သတ်မှတ်ချက် — ဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ဝေခဲ့သော စာအုပ်များကို ယခင်က ပုံနှိပ်ခဲ့ဖူးသူဖြစ်ပါက စာအုပ်ပုံနှိပ်အပ်နှံရာတွင် စရန်ငွေတစ်ဝက်ပေးမည်ဖြစ်ပြီး ပုံနှိပ်တိုက်အသစ်ဖြစ်ပါက စာအုပ်များကို ပုံနှိပ်အပ်နှံလက်ခံရရှိပြီးမှသာ ကျသင့်ငွေအားလုံးကို ပေးချေမည်ဖြစ်ပါသည်။

(ဇ) ဖလင် — ဥပဒေရေးရာဝန်ကြီးဌာနက ဖလင်ရိုက်ရန် စာမူ Hard Copy နှင့် Soft Copy ပေးမည်ဖြစ်ပြီး နမူနာစာအုပ် ၅ အုပ်စီကို ကနဦးထုတ်ပေးရမည်။ နမူနာစာအုပ်များကို စိစစ်ပြီး ပြင်ဆင်ရန်ရှိသည်များကို ထပ်မံပြင်ဆင်ပြီးသည့် Hard Copy နှင့် Soft Copy တို့ကိုသာ ပုံနှိပ်ပေးရမည်ဖြစ်သည်။ ပုံနှိပ်ပြီးသည့် ဖလင်အားလုံး၊ Hard Copy နှင့် Soft Copy တို့ကို ဥပဒေရေးရာဝန်ကြီးဌာနသို့ အခမဲ့ **အမြန်** ပြန်လည်ပေးအပ်ရမည်။

(ဈ) တာဝန်

(၁) ပုံနှိပ်တိုက်များသည် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းချိန်တွင် ပုံနှိပ်ထုတ်ဝေခွင့် သက်သေခံအထောက်အထားနှင့်အတူ မိမိတို့အသုံးပြုမည့် မျက်နှာဖုံးစာရွက်၊ အတွင်းသားစက္ကူများကို နမူနာအဖြစ် လက်မှတ်ရေးထိုးတင်ပြရမည်။

(၂) ဈေးနှုန်းတင်သွင်းလွှာပါ စာအုပ်အရေအတွက်ထက် ပိုမိုပုံနှိပ်ခြင်းမပြုကြောင်း ဝန်ခံကတိပြုလွှာ ပူးတွဲတင်ပြရမည်။

(၃) အသုံးပြုမည့် နမူနာစာရွက်၊ ကတိဝန်ခံချက်နှင့် အနည်းဆုံးဈေးနှုန်းတင်သွင်းလွှာတို့ကို ချိတ်ပိတ်၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ အမြန်ချောဖြင့်ဖြစ်စေ၊ သင့်ရာနည်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

(၄) ပုံနှိပ်ထုတ်ဝေရန် လုပ်ငန်းလက်ခံရရှိပါက မိမိတို့တင်သွင်းခဲ့သည့် နမူနာပါစက္ကူအမျိုးအစားအတိုင်း စာအုပ်များကို ပြုလုပ်ပေးရမည်။

(၅) စာအုပ်ထုတ်ဝေရေးကော်မတီက သတ်မှတ်ပေးသည့် အရေအတွက်အတိုင်း စာအုပ်များကို ဥပဒေရေးရာဝန်ကြီးဌာနသို့ မိမိစရိတ်အစီအစဉ်ဖြင့် အရောက်ပေးပို့ရမည်။

၃။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းသည့်အခါ ပူးတွဲပါ ပုံစံအတိုင်း ပြုစုတင်ပြရန် ဖြစ်ပါသည်။

၄။ ပုံနှိပ်တိုက်များက တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများထဲမှ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး အနည်းဆုံးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးနိုင်မည့် ပုံနှိပ်တိုက်ကို ရွေးချယ်မည်ဖြစ်ပါသည်။

၅။ ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဖုန်း ၀၆၇-၃၄၀၄၁၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမိန့်အရ

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဝင်းမောင်၊ ညွှန်ကြားရေးမှူး)

------------------- ပုံနှိပ်တိုက်

--------------------------------

မိတ္တူကို-

- ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန
- ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်စာကို ဥပဒေရေးရာဝန်ကြီးဌာန Website တွင် လွှင့်တင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
- ဥပဒေရေးရာဝန်ကြီးဌာနကြော်ငြာသင်ပုန်း
- ဂိုဒေါင်တာဝန်ခံ (ဌာန ၄ (၄))
- ငွေစာရင်းတာဝန်ခံ (ဌာန ၄ (၄))
- ရုံးလက်ခံ
- မျှောစာတွဲ

ဥပဒေရေးရာဝန်ကြီးဌာန

DLA သင်ရိုးစာအုပ် (၁၀) အုပ်အတွက် ဈေးနှုန်းအဆိုပြုလွှာ

| စဉ် | စာအုပ်အမည် | စာမျက်နှာ | အဆိုပြုဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဥပဒေပညာမိတ်ဆက် | ၆၉ | | |
| ၂ | ဖွဲ့စည်းပုံအခြေခံဥပဒေ | ၄၀ | | |
| ၃ | ဥပဒေမူကြမ်းရေးဆွဲခြင်း | ၁၀၁ | | |
| ၄ | အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာကိစ္စရပ်များ | ၉၅ | | |
| ၅ | စီးပွားရေးစာချုပ်စာတမ်းများစိစစ်ခြင်း | ၂၀၈ | | |
| ၆ | အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်း | ၁၅၂ | | |
| ၇ | ရာဇဝတ်ဆိုင်ရာဥပဒေ (ရာဇသတ်ကြီးနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ) | ၂၃၂ | | |
| ၈ | ရာဇဝတ်ဆိုင်ရာဥပဒေ (အထွေထွေဥပဒေ အတွဲ-၁) | ၁၆၈ | | |
| ၉ | ရာဇဝတ်ဆိုင်ရာဥပဒေ (အထွေထွေဥပဒေ အတွဲ-၂) | ၁၉၈ | | |
| ၁၀ | တရားမဆိုင်ရာဥပဒေ | ၂၄၀ | | |
| | စုစုပေါင်း | ၁၅၀၃ | | |

တင်သွင်းသူလက်မှတ် ----------------

တင်သွင်းသူအမည် ----------------

ပုံနှိပ်တိုက်အမည် ----------------